ရှမ်းပြည်နယ်လုံးဆိုင်ရာ

တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့

**ဌာနချုပ်**

ဥက္ကဋ္ဌကြီး

**စဝ်ခွန်ချို**

၏

၁၉၅၉ – ခု နိုဝင်ဘာလ(၄)ရက်နေ့

# ညီလာခံမိန့်ခွန်း

# ရှမ်းပြည်နယ်လုံးဆိုင်ရာ

## တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့

# **ဩဝါဒချပ်**

## ဥက္ကဋ္ဌကြီး

# **စဝ်ခွန်ချို**

## ၏

## ၁၉၅၉ - ခု နိုဝင်ဘာလ(၄)ရက်နေ့

## ညီလာခံမိန့်ခွန်း

E-book is created by *shanyoma*

### ၁၉၅၉ – ခု၊ နို့ဝင်ဘာလ(၄)ရက်နေ့ ကျင်းပသော ရ၊တ၊စ၊ည၊ဖ အထွေထွေညီလာခံတွင်

# ဥက္ကဋ္ဌကြီးမြွက်ကြားသည့်မိန့်ခွန်း။

## ကြွရောက်လာကြသော ကိုယ်စားလှယ်ကြီးမင်းများခင်ဗျား–

လူကြီးမင်းများနှင့်မတွေ့ရတာ ကြာလှပြီဖြစ်၍ ယခုလို ကျန်းကျန်းမာမာနဲ့ တွေ့ရတာ ဝမ်းသာလှပါတယ်၊ ကျွန်တော်ပြောရန် အများကြီးရှိပါတယ်၊ ဒါပေမဲ့ တတ်အားသ၍ ခြုံပြောပါမယ်၊ သို့သော် အနည်းငယ် ရှည်သွားရင် သီးခံပြီး နားဆင်ပါရန် တောင်းပန်ပါတယ်။

ပဌမအချက်အနေနှင့် တင်ပြလိုတာကတော့ ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရဟာ လပိုင်းအတွင်းမှာ ပြည်တွင်းဆူပူသောင်းကျန်းမှုများကို အောင်မြင်စွာ နှိမ်နင်းပေးနိုင်ခြင်း၊ အုပ်ချုပ်ရေး စီးပွားရေး လမ်းပန်းဆက်သွယ်ရေး ပြန်လည်ထူထောင်ရေးတို့တွင် ရာဇဝင်စာတင်လောက်အောင် မြှင့်တင်ပေးနိုင်ခြင်းစသည့်အောင်မြင်မှုများအတွက် ကျွန်တော်နှင့်တကွ ရ၊တ၊စ၊ည၊ဖဝင်အပေါင်းတို့က ချီးကြူးရှုံသာမက ကျေးဇူးဥပကာရတင်ကြောင်းကို အစီရင်ခံလိုပါတယ်။ ဒီအပြင် ဒေသဆိုင်ရာ တပ်မတော်အရာရှိ အရာခံ တပ်သားအပေါင်းတို့အားလည်း ရှမ်းပြည်နယ်အတွင်း ငြိမ်းချမ်းသာယာမှုကို ကြိုးပမ်းရယူပေးသည့်အတွက် ကျေးဇူးတင်ကြောင်းကိုလဲ အစီရင်ခံလိုပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရက မိမိတို့တာဝန်ယူကတိပြုခဲ့သည့်အတိုင်း အထွေထွေပါလီမန်ရွေးကောက်ပွဲကြီးကို ၁၉၆၀-ခုနှစ်၊ ဇန္နဝါရီလကုန် သို့မဟုတ် ဖေဖေါ်ဝါရီလဆန်းတွင် ကျင်းပပေးမည်ဟု ကျေညာခြင်းအတွက်လည်း အထူးကျေးဇူးတင်ကြောင်းကိုလဲ အစီရင်ခံလိုပါတယ်။ ဤအထွေထွေရွေးကောက်ပွဲကြီးနှင့်ပတ်သက်၍ ရ၊တ၊စ၊ည၊ဖ မည်သို့မည်ပုံ ဆောင်ရွက်မည်ကို ကိုယ်စားလှယ်လူကြီးမင်းတို့နှင့် လူထုကြီးကပါ သိလိုကြလိမ့်မည်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့် ဤအချက်နှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း ကျွန်တော်တင်ပြလိုပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသားများ အထူးအားဖြင့် ရှမ်းပြည်နယ်လူထုဟာ လွတ်လပ်ရေးသက်တမ်း နုနေသေးသည့်အတွက် အများအားဖြင့် နိုင်ငံရေးတွင် စိတ်ဝင်စားကြခြင်း မရှိကြသေးပါ။ ဒီလိုဖြစ်နေရတာဟာ လူထုကို အပြစ်တင်ရန် မဟုတ်၊ ကျွန်တော်တို့၏အတိတ်အခြေအနေကိုက အားမပေးခြင်းကြောင့် ဖြစ်ရပါတယ်။ အတိတ်ရာဇဝင်ကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် ရှေးအခါက ပြည်ထောင်စုတွင် သက်ဦးဆံပိုင်ဘုရင်အုပ်စိုးခြင်း ထွန်းကားခဲ့ပါတယ်။ အဲဒီခေတ်တုံးကဆိုလျှင် တိုင်းသူပြည်သားလူထုမှာ နိုင်ငံရေးတွင် ပါဝင်ခွင့်မရှိခဲ့ပါ။ ဝင်ရောက် စွက်ဖက်မိပါက ဘုရင်၏အလိုတော်မကျလျှင် ကြီးလေးသောရာဇဒဏ်ပေးခြင်းကို ခံကြရပါတယ်။ ဒီနောက် အင်္ဂလိပ်များကြီးစိုးတဲ့ ကိုလိုနီခေတ် ရောက်လာပါတယ်။ အဲဒီခေတ်မှာ အင်္ဂလိပ်များဟာ မိမိတို့စီးပွားရေးတိုးတက်မှုနှင့်အင်ပါယာကြီးကို ခိုင်မြဲရေးကိုသာ အဓိကထား၍အုပ်စိုးကြပါတယ်။ တိုင်းရင်းသူ တိုင်းရင်းသားများ တိုးတက်မှုကိုမလိုလားဘဲ တိုင်းရေးပြည်ရေး လူမှုရေး စီးပွားရေးတို့တွင် ပါဝင်ခွင့်မရှိအောင် နည်းမျိုးစုံကိုသုံးပြီး ချုပ်ချယ်ကြပါတယ်။ အဲဒီနောက် ဂျပန်ခေတ် ရောက်လာပါတယ်။ အဲဒါကတော့ အာဏာရှင်ခေတ် ဖြစ်ပါတယ်။ အာဏာရှင်အုပ်ချုပ်ရေး၏သဘောတရားများကိုတော့ လူကြီးမင်းတို့လဲ တွေ့ကြုံလိုက်ကြသည်ဖြစ်၍ ကျွန်တော် အထူးအစီရင်မခံတော့ပါ။ အတိုကောက်ပြောရမည်ဆိုလျှင် အုပ်ချုပ်သူအမိန့်အာဏာအရ လူထုက လိုက်နာဆောင်ရွက်ကြရပါတယ်။ မလိုက်နာပါက သူတို့၏ထင်သလို အပြစ်ပေးခြင်းကို ခံကြရပါတယ်။

အဲဒီလို တိုင်းသူပြည်သား လူထုအပေါင်းဟာ ကျွန်ဘဝတွင် အမျိုးမျိုးချုပ်ချယ်ဖိနှိပ်မှုများခံခဲ့ရတဲ့ဒဏ်ချက်ကြောင့် ယခုတိုင် လူများစုဟာ မိမိတို့၏ပြည်ထောင်စုအရေးကို မိမိတို့၏အရေးမဟုတ်သကဲ့သို့လို စိတ်ဝင်စားမှု ကင်းမဲ့ခြင်းဖြစ်နေကြရပါတယ်။ ဒါပေမဲ့ ကျွန်ဘဝမှာပင် ဇာတိမာန်အမျိုးသားစိတ်ဓာတ် ပြင်းထန်သော မျိုးချစ်ပုဂ္ဂိုလ်ကြီးများ မကြာခဏပေါ်ထွန်းပြီး မိမိတို့၏တိုင်းပြည်နှင့်အမျိုးသားအတွက် ဆောင်ရွက်ကြပါတယ်။ သို့သော် အများအားဖြင့် အသက်စွန့်လွှတ်သွားရသူများကသာ များကြပါတယ်။ နောက်ဆုံး ကျွန်တော်တို့၏ကျေးဇူးရှင်ဖြစ်ပြီး မသမာသူတို့လုပ်ကြံခြင်းခံလိုက်ရတဲ့ မျိုးချစ်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်းနှင့်တကွ ၎င်း၏အပေါင်းပါ အာဇာနည်ပုဂ္ဂိုလ်ကြီးတို့၏အသက်ဆံဖျား စွန့်စွန့်စားစား ကြိုးစားအား

E-book is created by *shanyoma*

ထုတ်မှုအတွက်၊ ၁၉၄၈-ခု၊ ဇန္နဝါရီလ(၄)ရက်နေ့တွင် အချုပ်အခြာအာဏာပိုင်လွတ်လပ်ရေးကို ရခဲ့ပါတယ်။ လူထုကြီးဟာ ဤလွတ်လပ်ရေး၏သဘောတရားကို နားလည်ကြရဲ့လားဟုမေးလျှင် ဖေါ်ပြပါ ကျွန်ုပ်ဘဝဒဏ်ချက်များကြောင့် လူများစုမှာ နားလည်နိုင်ကြမည်မဟုတ်။ ၎င်းတို့နားလည်သဘောပေါက်စေရန်မှာ ကျွန်တော်၏တာဝန်ဖြစ်လာပါတယ်။ ကောင်းပါပြီ။ ပြည်ထောင်စုကြီးအချုပ်အခြာအာဏာပိုင် လွတ်လပ်လာတယ်ဆိုတော့ ဘာအကျိုးသက်ရောက်ပါသလဲဆိုလျှင် အဖြေကတော့ တရားမျှတခြင်း လွတ်လပ်ခြင်း ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို အခြေပြုကာ လူသတ္တဝါခပ်သိမ်းတို့၏ငြိမ်းချမ်းသာယာရေးကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းရန် လူမှုဆက်ဆံရေး၊ တရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ လွတ်လပ်စွာ တွေးကြံနိုင်မှု၊ လွတ်လပ်စွာ ဖွင့်ဟရေးသားဖေါ်ပြနိုင်မှု၊ လွတ်လပ်စွာ ယုံကြည်နိုင်မှု၊ လွတ်လပ်စွာ ကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘုရားကျောင်းကန် စသည်တို့သို့ သွားလာဝတ်ပြုနိုင်မှု၊ လွတ်လပ်စွာ ပရိယေသနရှာမှီးနိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှု၊ လွတ်လပ်စွာ ပြုမူဆောင်ရွက်နိုင်မှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုတို့ကို နိုင်ငံသားအားလုံး ရရှိနိုင်စေသည့်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီး ပေါ်ထွက်လာခြင်းဟာ လွတ်လပ်ရေး၏ကျေးဇူးတရားကြီးဖြစ်ပါတယ်။

အဲဒီအခြေခံဥပဒေကြီးဟာ ရှေးယခင် ကျွန်ခေတ်က မရဘူး မကြံဘူး မကြားဘူးသော အခွင့်အရေးများသည် ပြည်ထောင်စုသားအားလုံးကို ကျောသား ရင်သား မခွဲခြားဘဲ ပေးထားပါတယ်။ အခြေခံဥပဒေပုဒ်မ(၄)တွင် ဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာအားလုံးကို နိုင်ငံသားတို့ထံမှ ခံယူရမည်ဟု ဆိုထားပါတယ်။ ဒီအပြင် ပုဒ်မ ၇၆ (၂)တွင် အသက်(၁၈)နှစ်ပြည့်၍ တရားဥပဒေပြဋ္ဌာန်းချက်များနှင့်ညီညွတ်သော နိုင်ငံသူနိုင်ငံသားတိုင်း ပါလီမန် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသည်ဟုဆိုထားပြန်ပါတယ်။ သို့အတွက် ကျွန်တော်တို့ တိုင်းရင်းသားအားလုံး၏လွတ်လပ်ရေး အရသာဟာ မိမိတို့နိုင်ငံတွင် မိမိတို့အပေါ် အုပ်ချုပ်စေမည့်အစိုးရကို မိမိတို့သဘောအရ လွတ်လပ်စွာ မဲဆန္ဒပေး၍ တင်မြှောက်နိုင်သောအခွင့်အရေးပင်ဖြစ်ပါတယ်။ အခြေခံဥပဒေက ဤအချက်ကို ကျွန်တော်တို့အား အခွင့်အရေး သို့မဟုတ် တာဝန်ဝတ္တရားအနေဖြင့် ပေးအပ်ထားပါ၍ ဥပဒေပြဋ္ဌာန်းချက်များနှင့်ညီညွတ်သောတိုင်းရင်းသူ တိုင်းရင်းသားတိုင်း ပါလီမန်ရွေးကောက်ပွဲတွင် မဲဆန္ဒပေးရေးမှာ မနေသာဘဲ ပါဝင်ဆန္ဒပေးကြရပါမယ်။ ကျွန်ဘဝတုံးကလို ဖာသိဖာသာ မနေအပ်တော့ပါ။ ဒီရထားတဲ့အခွင့်အရေးများကို မဲဆန္ဒရှင်လူထုအား သဘောပေါက်နားလည်အောင် ကိုယ်စားလှယ်လူကြီးမင်းများက ဟောပြောကြရန် အလွန်အရေးကြီးပါတယ်။ ဟောပြောတဲ့အခါမှာ အခွင့်အရေးဘန်းပြခြင်း၊ ချိန်းခြောက်ခြင်း၊ ပရိယာယ်ဝေဝုစ်များအသုံးပြုခြင်းတို့ကို ရှောင်ရှားပြီး တည်ကြည်ပြေပြစ်စွာ ဟောပြောရပါမယ်။ ဒိပြင် ကျွန်တော်တို့ ရ၊တ၊စ၊ည၊ဖ၏သဘောထားရည်မှန်းချက် (ဝါ) လိုလားချက်များကိုပါထည့်၍ ရှင်းလင်းတင်ပြရပါမယ်။ ဘယ်လိုများ ရှင်းလင်းတင်ပြသင့်သလဲဆိုတော့-

ကျွန်တော်တို့ ရ၊တ၊စ၊ည၊ဖအဖွဲ့ကြီးသည် မည်သူ့အား မဲဆန္ဒပေးပါဟု ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် မပြောလိုပါ။ သို့သော် ဓမ္မဓိဋ္ဌာန်အားဖြင့်မူကား တင်ပြရပေမည်။ ဘာဖြစ်လို့လဲဆိုတော့ ရွေးကောက်ပွဲတွင် မဲဆန္ဒပေးမှုများပါက အကျိုးမသက်ရောက်စေသည့်အပြင် အကျိုးနည်းစေတတ်၍ မတင်ပြဘဲ မနေနိုင်ပါ။ ရွေးကောက်ပွဲအချိန်ကျရောက်သောအခါ အရွေးခံမည့်အမတ်လောင်းများ ပေါ်လာပါလိမ့်မယ်။ ဘယ်အမတ်လောင်းကို မဲပေးသင့်သည်ဟု ဆုံးဖြတ်ရာတွင် ကျွန်တော်တို့သတိပြုရမည့်အချက်ကြီးကို (၂)ပိုင်းပိုင်းခြား၍ စီစစ်ဆုံးဖြတ်ရပါမယ်။

ပဌမပိုင်းမှာ ပါတီ သို့မဟုတ် အဖွဲ့အစည်းအရုံးဖြစ်ပါသည်။ အမတ်လောင်းများ၏ပါတီအဖွဲ့အစည်းအရုံးမှာ မည်သို့သောအဖွဲ့အစည်းအရုံး ဖြစ်သည်ကို စီစစ်ရပါမည်။ ၎င်းအဖွဲ့အစည်းအရုံးသည် လူထုနှင့်တိုင်းပြည်အတွက် လွန်ခဲ့သောကာလက ဘာတွေဆောင်ရွှ်နေပါသလဲ နောင်ကော ဘာတွေများ ဆောင်ရွက်ဦးမှာလဲဟု ဝေဘန်သုံးသပ်ရပါမည်။ လက်ခံနိုင်လောက်သော ဝိသေသဂုဏ်ထူးမရှိလျှင် ထိုအမတ်လောင်းကို ပယ်ရလိမ့်မယ်။ အကယ်၍ လက်ခံထိုက်သည်ဟုယူဆပါလျှင် ဒုတိယအပိုင်းကို ဆက်လက်စဉ်းစားရပေမည်။ အဲဒီအချက်ကတော့ အမတ်လောင်းကို အဂတိသော်၎င်း၊ ပယောဂသော်၎င်း၊ မပါစေဘဲ ဓမ္မဓိဋ္ဌာန်ကျကျ အောက်ပါအတိုင်း စီစစ်ရပေမယ်။

(က) အမတ်လောင်း၏အတိတ်နှင့်ပစ္စုပ္ပန်ရာဇဝင်ကို အထောက်အထားပြုပြီး ၎င်းမှာ သီလ၊ သမာဓိနှင့်ပြည့်စုံရဲ့လား၊ လူထုနှင့်ဆက်ဆံရာတွင် ပြေပြစ်ရဲ့လား၊ လူထုအကျိုးသည်ပိုးတတ်သော ဝါသနာရှိရဲ့လား၊ လူထုအပေါ် အမျိုးမရွေး၊ ဘာသာမရွေး၊ မျှတသော စေတနာရှိရဲ့လားစသည်အားဖြင့် လူကောင်းတယောက်ဖြစ်သည် မဖြစ်သည်ကို အသေးစိတ်စီစစ်ရပါမယ်။
(ခ) ၎င်းနောက် ထိုအမတ်လောင်း၏အတိတ်ပစ္စုပ္ပန်ရာဇဝင်ကို အထောက်အထားပြုပြီး ၎င်းမှာ အမတ်တာဝန်များကို ထမ်းဆောင်နိုင်လောက်သော ပညာဗဟုသုတအကြားအမြင် စသည့်အရည်အချင်းများနှင့်ပြည့်စုံသော လူတော်တယောက် ဟုတ်သည် မဟုတ်သည်ကို တိတိကျကျ ဝေဘန်စီစစ်ရပါမယ်။

E-book is created by shanyoma

အထက်ပါ ဒုတိယပိုင်းတွင် တင်ပြထားသည့်အတိုင်း သုံးသပ်စီစစ်ပြီးနောက် ဓမ္မဓိဋ္ဌာန်သဘောအားဖြင့် မိမိသဘောအကျ ဆုံး အမတ်လောင်းကို မဲဆန္ဒပေးရပေမယ်။

အထက်ပါမူအတိုင်း ဟောပြောပြီးလျှင် ကိုယ့်အဖွဲ့နှင့်ကိုယ့်အမတ်လောင်း၏ဂုဏ်ပုဒ်များကို လူထုနားလည်အောင် တင်ပြ ရပါမယ်။ တင်ပြသင့်ပုံကတော့-

"ကျွန်တော်တို့အဖွဲ့ဟာ လွန်ခဲ့သော ၁၀-နှစ်အတွင်းက ရှမ်းပြည်နယ်အစိုးရဖြစ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြပါလိမ့် မယ်။ ဤ ၁၀-နှစ်အတွင်း ကျွန်တော်တို့ရဲ့အဖွဲ့သည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးစသည့်အရေးတို့တွင် မချီးကျူးထိုက်စေကာမူ အဘက်ဘက်တွင် တိုးတက်ကောင်းမွန်အောင် သန့်သန့်ရှင်းရှင်း ဆောင်ရွက်ခဲ့သည်ကို လူထုကြီးတရပ်လုံးက ဝန်ခံကြရပေမယ်။ အာဏာရအဖွဲ့ပင်ဖြစ်စေကာမူ နိုင်ငံရေးတွင် တရားမျှတစွာ ဆောင်ရွက်ခဲ့ပါတယ်။ ဖိနှိပ်ချုပ်ချယ်ခြင်း လုံးဝမပြုခဲ့ပါ။ ထိုကဲ့သို့ပင် နောင်အနာဂတ်ကာလတွင်လည်း ကျွန်တော်တို့အဖွဲ့သည် တရားသဖြင့် ဘာသာမရွေး၊ လူမျိုးမရွေး၊ အတိုက်အခံပင်ဖြစ်စေကာမူ ကျောသားရင်သား မခြား မျှမျှတတ ဆက်ဆံသွားမည်ကို ကတိပြုပါတယ်။ အုပ်ချုပ်ရေးတွင်လည်း အတိမ်းအစောင်းမရှိစေဘဲ အထူးဂရုပြု၍ ဆောင်ရွက်ခဲ့ပါတယ်။ နောင်လည်း ဤလမ်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။ လူမှုရေးဆိုတာက တော့ အလွန်ကျယ်ပြန့်ပါတယ်။ အကျဉ်းချုံးပြီး အချို့ဆောင်ရွက်ခဲ့မှုများ တင်ပြရပါလျှင် ကျွန်တော်တို့အစိုးရလက်ထက်တွင် ဗုဒ္ဓ ဘာသာ သာသနာရေးအနေနှင့်ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ပါဠိတက္ကသိုလ် ၂-ကျောင်းထွန်းကားလာပါတယ်။ ပညာရေးအနေ နှင့် လူထုပညာရေးဌာနများအပြင် စာသင်ကျောင်းအမြောက်အများ တိုးတက်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဆရာဦးရေကိုလည်း တိုးတက် ခန့်ထားခဲ့ပါတယ်။ ရှမ်းပြည်နယ်တွင် အထက်တန်းပညာဆည်းပူးနိုင်ရန် ကောလိပ်ကျောင်း တကျောင်းရဘို့လည်း ဆောင်ရွက်ခဲ့ ပါတယ်။ မကြာမီ အကောင်အထည်ပေါ်လိမ့်မည်ဟု မျှော်လင့်ပါတယ်။ ကျန်းမာရေးအနေနှင့်လည်း ဆေးရုံများ၊ ကျန်းမာရေးဗဟို ဌာနများ ဖွင့်လှစ်ပေးခဲ့ပါတယ်။ တိရစ္ဆာန်ကျန်းမာရေးတွင်လည်း ဆရာဝန်များ တိုးတက်ခန့်ထားပြီး ဂရုတစိုက် ဆောင်ရွက်ခဲ့ပါ တယ်။ စီးပွားရေးအနေနှင့်လည်း ဘဏ်များ၊ သမဝါယမအသင်းများ ဖက်စပ်အမှတ်(၈)လုပ်ငန်းများကို အကောင်အထည်ဖေါ်ပေး ခဲ့ပါတယ်။ စိုက်ပျိုးနှင့်ပတ်သက်၍လည်း စိုက်ပျိုးရေးဌာန၊ ယာမြေပြုစုကာကွယ်ရေးဌာနများ ဖွင့်ပေးခဲ့ပါတယ်။ တောင်သူလယ်သ မားများ အမတော်ငွေချေးသည့်စိုက်ပျိုးရေးဘဏ်များကိုလည်း ပေါ်ထွန်းစေရုံသာမက၊ ဆေးအမတော်ငွေ၊ အာလူးအမတော်ငွေ၊ မြေပဲအမတော်ငွေများက ရရှိကြစေရန်လည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုတင်ပြချက်များမှာ သဘောပေါက်ရုံအကျဉ်းအားဖြင့် တင်ပြခြင်းမျှသာ ဖြစ်ပါတယ်။ နောက်တချက်ကတော့ စော်ဘွားများ အာဏာစွန့်လွှတ်ရေးကိစ္စကို အစအဆုံးစီစဉ်ပေးခဲ့ပါသေး တယ်။ ဤအချက်အလက်များကို ထောက်ချင့်ပါသော ရ၊တ၊စ၊ည၊ဖအဖွဲ့အစိုးရရဖြစ်စဉ်က နိုင်ငံတော်နှင့်တကွ တိုင်းသားပြည်သူ လူထုအကျိုးအတွက် တတ်အားသ၍ ဆောင်ရွက်ခဲ့ခြင်းကို မည်သူမဆို ဝန်ခံကြရပေမယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနှင့် အမှန် ပြောရလျှင် ဤမျှဆောင်ရွက်ခဲ့သည်ကိုပင် အားမရသေးပါ။ သို့အတွက် ကျွန်တော်တို့သာ ရွေးကောက်ပွဲတွင် အောင်မြင်ပြီး အစိုးရ ဖွဲ့နိုင်ပါလျှင် အထက်ဖေါ်ပြပါလုပ်ငန်းများကို ဆထက်တံပိုးတိုးတက် ကောင်းမွန်စေအောင် အားသွန်အားစိုက် ကြိုးစားဆောင်ရွက် သွားမည်ကို ကတိပေးအပ်ပါတယ်။

ဒီပြင် ကျွန်တော်တို့ ဘာတွေဆောင်ရွက်ပေးဦးမယ်လဲဆိုလျှင် အောက်ဖေါ်ပြပါ ကျွန်တော်တို့ ရ၊တ၊စ၊ည၊ဖဝါဒ လမ်းစဉ် အတိုင်း ဆောင်ရွက်သွားဦးမည်ကိုလည်း လူထုကြီးအား တင်ပြလိုပါတယ်။

ရ၊တ၊စ၊ည၊ဖ၏ဝါဒလမ်းစဉ် ရည်ရွယ်ချက်များ။

(၁) အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော်ကြီး တည်တံ့ ခိုင်မြဲစေရန် ရှမ်းပြည်ရှိ တိုင်းရင်းသားအားလုံး ညီညွတ်စွာ စည်းရုံး၍ ဆောင်ရွက်ရန်။

(၂) ရှမ်းပြည်၏ကံကြမ္မာကို ရှမ်းပြည်အတွင်းရှိ တိုင်းရင်းသားအားလုံး စုပေါင်း၍ ဖန်တီးဆောင်ရွက်သည့်အပြင် အခြေခံဥပ ဒေအရ ရရှိထားပြီးသော အခွင့်အရေးများကို အစဉ်ထာဝရ စောင့်ရှောက်ထိန်းသိမ်းသွားရန်။

(၃) ရှမ်းပြည်နယ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဒီမိုကရေစီစံနစ်ထွန်းကားရေး ကို တညီတညွတ်တည်း အစွမ်းကုန် ဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏တိုးတက်မှုကို ရှေ့ရှုဆောင်ရွက် ရန်။

(၄) ပြည်ထောင်စုအတွင်း ငြိမ်းချမ်းရေးရရန်အလို့ငှါ ရှမ်းပြည်နယ်အတွင်း တဦးနှင့်တဦး ခွဲခြားခြင်းမပြုဘဲ ဆောင်ရွက်ဘွယ် အရပ်ရပ်ကို ချစ်ကြည်ရင်းနှီးစွာ တညီတညွတ်တည်း ဆောင်ရွက်ရန်။

(၅) ရှမ်းပြည်နယ်၏ပြန်လည်ထူထောင်ရေးတွင် ရှမ်းပြည်ရှိ တိုင်းရင်းသူ တိုင်းရင်းသားလူအများ၏ဆန္ဒကို ရယူဆောင်ရွက် ရန်။

E-book is created by shanyoma

အတိုနည်းနှင့်တင်ပြရပါမူ ပြည်ထောင်စု တည်တံ့ခိုင်မြဲရေး၊ ရှမ်းပြည်နယ်၏ကံကြမ္မာကို ရှမ်းပြည်တွင်းနေတိုင်းရင်းသားများ စုပေါင်းဖန်တီးရေး၊ အခြေခံဥပဒေအရ ရရှိထားပြီးသော အခွင့်အရေးများကို ထိန်းသိမ်းရေး၊ ဒီမိုကရေစီ ထွန်းကားရေး၊ ငြိမ်းချမ်းရေး၊ လူထုဆန္ဒအရ ပြန်လည်ထူထောင်ရေးတို့ဖြစ်ပါတယ်။

ဤဝါဒလမ်းစဉ် ရည်ရွယ်ချက်များဟာ ဥပဒေဘောင်အတွင်းမှ ဖြစ်သည့်အပြင် အလွန်မွန်မြတ်သည်ကို လွယ်လင့်တကူ အထင်အရှား သိမြင်နိုင်၍ ကျွန်တော်က အထူးရှင်းပြနေရန်ပင် လိုမည်မဟုတ်ပါ။

ကျွန်တော်တို့ ရတစညဖအဖွဲ့ကြီးဟာ ခါတော်မီအဖွဲ့မဟုတ်၊ အထက်ဖော်ပြပါ ဝါဒလမ်းစဉ်၊ ရည်ရွယ်ချက်များဟာလဲ လက်ရှိအခြေအနေနှင့်ကိုက်အောင် ခုမှစိတ်ကူးရလို့ ရေးဆွဲချမှတ်ထားသည်လည်း မဟုတ်ပါ။ ကျွန်တော်တို့ ရတစညဖအဖွဲ့ကြီးနှင့် ဤဝါဒလမ်းစဉ် ရည်ရွယ်ချက်များမှာ အမှန်အစီရင်ခံရပါလျှင် သန့်ရှင်း၊ တည်မြဲ၊ ပ-မ-ည-တတို့ မပေါ်မီကပင် ရှိနေပြီးသားဖြစ်ပါတယ်။ ရ-တ-စ-ည-ဖအဖွဲ့သည် ဘယ်အဖွဲ့ ဘယ်ပါတီ၏လက်အောက်ခံ မဟုတ်၊ သြဇာခံလည်း မဟုတ်၊ မိမိတို့၏ရရှိထားသော လွတ်လပ်စွာသုံးသပ် ဆောင်ရွက်နိုင်သော အခွင့်အရေးများအရသာ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးစသည် အရေးများတွင် စီစစ်ဝေဖန် သုံးသပ်ပြီးမှ အကောင်းဆုံးအဖြေကိုရှာပြီး ဆောင်ရွက်လေ့ရှိသော အဖွဲ့ကြီးဖြစ်ပါတယ်။ အနာဂတ်တွင်လည်း ဤကဲ့သို့ပင် ဆက်လက်ဆောင်ရွက်သွားပါမယ်။

လူကြီးမင်းတို့က ကျွန်တော်တို့ ရတစညဖအဖွဲ့ဟာ ပြည်မအဖွဲ့ကြီးများအပေါ် မည်သို့သဘောထားကြောင်းကို သိလိုကြပေမယ်။ ကျွန်တော် တင်ပြပါမယ်။

ကျွန်တော်တို့အဖွဲ့ဟာ သူ့ဝါဒ သူ့လမ်းစဉ် သူ့ရည်ရွယ်ချက်များနှင့်အပြည့်အစုံရှိပြီး သီးခြားတည်နေသည့်အတိုင်း အပြင်အပ ပယောဂကို လက်ခံမည်မဟုတ်၊ လွတ်လပ်စွာ ဒီမိုကရေစီနည်းအရ ဆောင်ရွက်သွားပါမယ်။ သို့သော် သဘောခြင်း တိုက်ဆိုင်သောအခြားအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ရန်ကိုမူ ရှောင်ကြဉ်နေမည် မဟုတ်ပါ။ လူကြီးမင်းတို့ သို့လော သို့လော ဝိဝါဒမဖြစ်စေရန် ရှင်းရှင်း အစီရင်ခံရမည်ဆိုပါလျှင်။

ပြည်မမှာ အဖွဲ့ကြီး ၃-ဖွဲ့ရှိရာ ပမညတနှင့်တည်မြဲ ဖ-ဆ-ပ-လတို့၏လမ်းစဉ်များကို ကျွန်တော်တို့ မသိရှိပါ။ သို့အတွက် ၎င်းတို့ကို ထောက်ခံရေး၊ မထောက်ခံရေး ပြဿနာမပေါ်ပေါက်ပါ။ ကျန်တတိယဖြစ်သော ဦးနုကြီးမှူးသည့် သန့်ရှင်းဖ-ဆ-ပ-လကိုမူ ကျွန်တော်တို့ စဉ်းစားရပေမည်။ အဲဒီအဖွဲ့ကြီးရဲ့ပြည်နယ်များနှင့်အသက်ဆိုင်ဆုံးလမ်းစဉ်များကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးစေတီကုန်းတော်တွင် ၂၆-၉-၅၉ နေ့ ကျင်းပသော ၎င်းတို့၏ပြည်လုံးကျွတ်ဦးစီးညီလာခံကြီး၌ မြွက်ကြားသော ဥက္ကဋ္ဌကြီး၏မိန့်ခွန်းတွင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

ပဌမ။ လွန်ခဲ့တဲ့ဆယ်နှစ်အတွင်းက ငွေရေးကြေးရေးနဲ့ရော၊ အခြားအရေးတွေနဲ့ရော ပတ်သက်ပြီး ဗဟိုအစိုးရနဲ့ပြည်နယ်အစိုးရတွေ တဦးနဲ့တဦး နားလည်လွဲခဲ့ကြတာတွေ၊ မကျေမနပ်ဖြစ်ခဲ့ကြတာတွေ ရှိသလောက် ရှိခဲ့ပါတယ်။ ဒီနားလည်လွဲမှုတွေ မကျေနပ်မှုတွေဟာ ပြည်ထောင်စုစည်းလုံးရေးနဲ့ရန်သူတွေ ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ ကောင်းကောင်းသဘောပေါက်ပါတယ်။ ဒါကြောင့် ဖ၊ဆ၊ပ၊လ ကွဲပြီးလို့ မကြာခင်ဘဲ ကျွန်တော်တို့ဟာ အထူးအဖွဲ့တခု ဖွဲ့ပါတယ်။ ဒီအဖွဲ့မှာ ဗဟိုအစိုးရအဖွဲ့က ဝန်ကြီးချုပ်နဲ့သက်ဆိုင်ရာ ဝန်ကြီးတဦး နှစ်ဦးပါတယ်။ ပြည်နယ်အစိုးရအဖွဲ့တွေက ပြည်နယ်ဥက္ကဋ္ဌတွေပါတယ်။ အဲဒီအဖွဲ့ဟာ တလတကြိမ် မှန်မှန်တွေ့ဘို့ တခါထဲ ချိန်းထားတယ်။ အဲဒီအဖွဲ့ရဲ့ပဌမအစည်းအဝေးမှာဘဲ မကျေနပ်မှုတွေ နားလည်လွဲမှုတွေကို အတော်များများ ဖြေရှင်းနိုင်ခဲ့တယ်။ အဲဒါကြောင့် အဖွဲ့ရဲ့မူကို ပြည်နယ်ကိုယ်စားလှယ်တွေက အများကြီးကြိုက်တယ်လို့ စုံစမ်းသိရှိရတယ်။ ပြည်ထောင်စုစည်းလုံးရေးကို ရှေးရှုပြီး ဒီအဖွဲ့မျိုးကို ပြန်လည်ဖွဲ့စည်းရမယ်။ အဲဒီအဖွဲ့ရဲ့အကူအညီနဲ့မကျေနပ်တာတွေ၊ နားလည်လွဲတာတွေကို ဖြေရှင်းပေးရမယ်။

ဒုတိယ။ သန့်ရှင်း ဖ-ဆ-ပ-လ၏ကတိသစ္စာ အမှတ်စဉ်(၁၁)

ကျွန်ုပ်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ပြည်နယ်အစရှိသော အဖွဲ့ဝင်တိုင်းအား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရဖြစ်သော အခွင့်အရေးနှင့်အကာအကွယ် အစောင့်အရှောက်တို့ကို တင်းပြည့်ကျပ်ပြည့်ပေးမည်ဟုငင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသားတိုင်းသည် ပြည်ထောင်စုကို ဂုဏ်ယူ၍ ပြည်ထောင်စုစိတ်ထားကို ထားရှိကြအောင် အစွမ်းကုန် အားထုတ်မည်ဟုငင်း ကတိသစ္စာပြုပါသည်။



E-book is created by *shanyoma*

တတိယ။ သန့်ရှင်း ဖ-ဆ-ပ-လ၏ကတိသစ္စာ အမှတ်စဉ်(၁၅)

ကျွန်ုပ်တို့သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စွမ်းအားရှိသမျှ အသက်ပေးရသည်အထိ ကာကွယ်မည်ဟု ကတိသစ္စာပြုပါသည်။

ဤဖေါ်ပြပါအချက်ကြီးတွေဟာ ကျွန်တော်တို့ ရ၊တ၊စ၊ည၊ဖ ဝါဒလမ်းစဉ်များနှင့်လဲ ကိုက်ညီနေတယ်။ ကျွန်တော်တို့၏ လိုလားချက်များနှင့်လဲ ကိုက်ညီနေတယ်။ အဲဒီတော့ ဒီအချက်ကြီးတွေကို ကျွန်တော်တို့အဖွဲ့က ဝမ်းမြောက်စွာ ကြိုဆိုထောက်ခံရပေမယ်။

ဒီအပြင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြုလုပ်ပေးရေးနှင့်လည်း သန့်ရှင်း ဖ၊ဆ၊ပ၊လ ဥက္ကဋ္ဌကြီးဦးနုက အဆိုပါညီလာခံ နောက်ဆုံးနေ့(၂၉-၉-၅၉)တွင် အောက်ပါအတိုင်း မိန့်ကြားသည်ကိုလည်း တွေ့ရှိရပါတယ်။

"အခုလို အခွင့်ကောင်းရတဲ့အခါ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြုလုပ်ရေးနဲ့ ပတ်သက်ပြီး အခြားဘာသာများကို ကိုးကွယ်ကြတဲ့ပြည်ထောင်စုသား ညီတော်နောင်တော်တွေကို စကားတခွန်းလောက် ထပ်ပြီး ပြောချင်ပါတယ်။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ လုပ်လိုက်ရတဲ့အတွက် အခြားဘာသာဝင်တွေကို အခုရရှိထားတဲ့အခွင့်အရေးတွေဟာ ဘာမှ ချို့တဲ့မသွားစေရပါဘူး။ အကယ်၍သာ အခွင့်အရေးရလို့ ကျွန်တော်တို့လုပ်ရမယ်ဆိုရင် ကျွန်တော်တို့လုပ်မဲ့ ဥပဒေဟာ သားရွှေအိုး ထမ်းလာတာမြင်ရတဲ့ဥပဒေမျိုးဖြစ်မယ်ဆိုတာဟာ ကျွန်တော် ယခုတကြိမ်ထပ်မံပြီး ပြောပါတယ်။ ဒီဥပဒေဟာ ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူတွေကိုလဲ နှစ်ပေါင်းများစွာက ပေါ်ထွက်နေတဲ့အလိုဆန္ဒ ပြည့်ဝစေမဲ့ ဥပဒေဖြစ်ရမယ်။ အခြားဘာသာဝင်တွေဆီကလဲ ရရှိပြီးသား အခွင့်အရေးတွေ ဘာမှ နှုတ်မယူတဲ့ဥပဒေလဲဖြစ်ရမယ် - ဒါကြောင့် အခြားဘာသာဝင် ညီတော်နောင်တော်တွေဟာ ဗုဒ္ဓဘာသာနိုင်ငံတော်ဘာသာဖြစ်လာတဲ့အတွက် မိမိတို့ရဲ့ကိုးကွယ်ရေးအခွင့်အရေးတွေ ဆုံးရှုံးလျော့ပါးသွားမှာကို ဘယ်နည်းနဲ့မှ မစိုးရိမ်ကြဘို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်။"

ဒီအချက်ဟာလဲ ဘယ်ဘာသာကိုမှ မထိခိုက်စေဘဲ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြုလုပ်ပေးမည်ဖြစ်၍ ကျွန်တော်တို့ ရ၊တ၊စ၊ည၊ဖက ရွှင်လန်းစွာ ကြိုဆိုထောက်ခံရပေမယ်။

နောက်တချက် ပြောလိုပါသေးတယ်။ သန့်ရှင်း ဖ၊ဆ၊ပ၊လ ၏ရည်ရွယ်ချက်တချက်ကတော့ ပြည်ထောင်စုနိုင်ငံတော်တွင် ပါလီမန် ဒီမိုကရေစီထွန်းကားရေးနှင့်တည်တံ့ခိုင်မြဲရေးဖြစ်ပါတယ်။ ဒီအကြောင်းကို ၎င်းတို့၏ဥက္ကဋ္ဌကြီးဦးနု၏အထက်ဖေါ်ပြပါ ညီလာခံ(၂၆-၉-၅၉)နေ့မိန့်ခွန်းတွင် အထင်အရှား အသေးစိတ်ဖေါ်ပြထားပါတယ်။ ၎င်းတို့၏ကတိသစ္စာအမှတ်စဉ်(၈)တွင်လဲ "ကျွန်ုပ်တို့သည် တိုင်းပြည်၌ ဒီမိုကရေစီဝါဒအမြစ်တွယ်ပြီး ဒီမိုကရေစီဘဝကို ရရှိလာသည်အထိ အစွမ်းကုန်အားထုတ်မည်ဟု ကတိသစ္စာပြုပါသည်"ဟု အတည့်အလင်း ပါရှိပါသေးတယ်။ ဤအချက်သည် အထက်တွင် ဖေါ်ပြထားသော ကျွန်တော်တို့ ရ၊တ၊စ၊ည၊ဖဝါဒ ရည်ရွယ်ချက်အမှတ်စဉ်(၃)နဲ့ တထပ်တည်း ကိုက်ညီနေသည့်အတွက် ကျွန်တော်တို့က သန့်ရှင်း ဖ၊ဆ၊ပ၊လ၏ဒီမိုကရေစီ ခိုင်ခံ့ထွန်းကားရေးနှင့်ပတ်သက်သော ရည်ရွယ်ချက်ကိုလည်း လှိုက်လှဲစွာ ကြိုဆိုထောက်ခံရပေမယ်။

ကျွန်တော်တို့၏အဖွဲ့ရဲ့အတိတ်လုပ်ငန်းစဉ်များ၊ ဝါဒလမ်းစဉ်ရည်ရွယ်ချက်များနှင့်ဆောင်ရွက်မည့်အနာဂတ်လုပ်ငန်းများကို တင်ပြပြီးပါပြီ။ လာမည့်ရွေးကောက်ပွဲတွင် ဆောင်ရွက်သင့်ပုံများကိုလည်း စောစောပိုင်းတွင် အစီရင်ခံခဲ့ပြီးပါပြီ။ နောက်ဆုံးအရေးကြီးသော အချက်တချက် ပြောလိုတာက အမတ်လောင်းရွေးချယ်ရေး ဖြစ်ပါတယ်။ အဖွဲ့၏အမှန်လိုလားချက်ကတော့ အမတ်လောင်းကို အပေါ်မှ ချမပေးလိုပါ။ မဲဆန္ဒနယ်အတွင်းရှိ မဲဆန္ဒရှင်များ လိုလားသောသူကို လက်ခံလိုပါတယ်။ ဒီနေရာမှာ မဲဆန္ဒရှင်များဟာ သဘောထားကြီးဘို့ လွန်စွာ အရေးကြီးပါတယ်။ အချင်းချင်းတိုင်ပင်ပြီး ရွေးချယ်သောအခါ မိမိတို့က သဘောကျသောသူကို မရ၍ဖြစ်စေ၊ သို့မဟုတ် အခြားအကြောင်းကြောင့်ဖြစ်စေ စိတ်ကောက်ပြီး ကပျက်ယပျက်လုပ်ခြင်း၊ သို့မဟုတ် ဘေးထွက်ထိုင်ခြင်း စသည့်အဖွဲ့၏အကျိုးကို ထိခိုက်စေမည့်အပြုအမူ အပြောအဆိုများကို အထူးရှောင်ရှားရန် လိုပါတယ်။ ဒီမိုကရေစီ သဘောတရားအရ လူနည်းစုက လူများစု၏ဆန္ဒကို ကြည်ဖြူစွာ လိုက်လျောလက်ခံရပေမယ်။ အဖွဲ့နှင့်ပြည်နယ်အကျိုး ပြည်ထောင်စုအကျိုးဖြစ်စေနိုင်မည့်လူတော်လူကောင်းကိုသာ ဓမ္မဓိဋ္ဌာန်အားဖြင့် ရွေးချယ်သင့်ပါတယ်။

တခုပြောချင်သေးတာကတော့ အဖွဲ့၏အတိတ်ဆောင်ရွက်မှုများကလည်း ပြောစရာမရှိ၊ ဝါဒရည်ရွယ်ချက်များကလည်း ပြောစရာမရှိ၊ ၎င်းတို့အရ ရှေ့လုပ်ငန်းစဉ်များကလဲ လူထုစားဝတ်နေရေးနှင့်တကွ ပြည်နယ်နှင့်ပြည်ထောင်စုအကျိုးအပြင် ဒီမိုက

E-book is created by shanyoma

ရေစီ ထွန်းကားရေးတို့ကို အသားပေးထားပြန်ဆိုတော့ အဖွဲ့အနေနှင့်ပြောစရာ ဘာမှမရှိတော့ပါ။ အမတ်လောင်းကလဲ လူကောင်း ဆိုကြပါစို့။ အဲဒီလို အင်္ဂါရပ်အရည်အချင်းများနှင့်ပြည့်စုံတာနဲ့ ရွေးကောက်ပွဲတွင် အောင်မြင်ရောလားဆိုတော့ မအောင်မြင်နိုင်ပါ။ အောင်မြင်မှုမှာ အောက်ပါအချက်ကြီး ၂ ချက်ပေါ်မှာ မူတည်နေပါတယ်။

(က) အဆိုပါအဖွဲ့၏အင်္ဂါရပ်များနှင့်အမတ်လောင်း၏အရည်အချင်းများကို မဲဆန္ဒရှင်များ သဘောပေါက်နားလည်အောင်ဟော ပြောတင်ပြခြင်း။

(ခ) အမတ်လောင်းသည် ဥပဒေပြဌာန်းချက်များအရ ဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်း၊ တားမြစ်ထား သည့်အမှုများကို ရှောင်ကြဉ်ခြင်း။

အဲဒီအချက် ၂ ချက်တွင် ပေါ့ဆပါက မြင်းကောင်းခွာလိပ် ဆိုသလို ရှုံးတတ်တယ်လို့ ကျွန်တော်သတိပေးလိုပါတယ်။

နောက်ဆုံးတချက်ကတော့ ဗိုလ်ချုပ်ကြီးနေဝင်း၏စိတ်နေသဘောထားများနှင့်လုပ်ကိုင်ဆောင်ရွက်ပုံများကို ထောက်ချင့် ခြင်းအားဖြင့် ကျွန်တော်တို့သည် ၎င်းအား ယုံကြည်ကိုးစား ကြည်ညိုလေးစားပါတယ်။ ဗိုလ်ချုပ်ကြီးအစိုးရက တရားမျှတသော အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပေးမည်ဟု ကျေညာသည်နှင့်တပြိုင်နက် ကျွန်တော်တို့တတွေမှာ အမှန်ပင် တရားမျှတသော ရွေးကောက်ပွဲကြီး ဖြစ်တော့မှာဘဲဟု တထစ်ချယုံကြည်ခဲ့ပါတယ်။ မကြာသေးမီက ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရ ပြည်ထဲရေးဝန်ကြီး ဌာနက တရားမျှတသန့်ရှင်းသောရွေးကောက်ပွဲကြီး ဖြစ်မြောက်ရေးအတွက် အစိုးရရာထမ်း-မှုထမ်းများကို ထုတ်ပြန်ထားသော အမိန့်ကို တွေ့ရှိခြင်းအားဖြင့်လည်း တရားမျှတသန့်ရှင်းသောရွေးကောက်ပွဲကြီးဟာ မုချဖြစ်မြောက်ရတော့မည်ဟု သာ၍လေးနက် စွာ ယုံကြည်လာပါတယ်။ လူကြီးမင်းများ သိရအောင် အဲဒီအမိန့်ကို ကျွန်တော်တင်ပြပါမယ်။

E-book is created by shanyoma

## ၁၉၅၉-ခု၊ အောက်တိုဘာလ(၇)ရက်၊ ဟံသာဝတီ နေ့စဉ်ထုတ် သတင်းစာမှ
## ကောက်နုတ်ချက် မိတ္တူ။
## ရွေးကောက်ပွဲ တရားမျှတရေး စီစဉ်ပြီ
## တဖွဲ့တပါတီ အကျိုးဖြစ်စေပြီး၊ တဖွဲ့တပါတီနစ်နာစေသည့် အပြုအမူတို့ကို
## ကြပ်တည်းစွာ တားမြစ်သောအမိန့် ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခြင်း။

ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရက ကြီးမှူးကျင်းပပြုလုပ်ပေးမည့်လွတ်လပ်တရားမျှတသည့်ပါလီမန် အထွေထွေရွေးကောက်ပွဲကြီးကျင်းပရက် နီးကပ်လာပြီဖြစ်သည့်အလျောက် နိုင်ငံတော်အစိုးရ အရာထမ်း အမှုထမ်းအားလုံးတို့သည် နိုင်ငံတဖွဲ့တပါတီအားဦးစားပေးဆောင်ရွက်ရာရောက်သည့်ကိစ္စများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၌ ပါဝင်ဆောင်ရွက်ခြင်းများ၊ ငွေကြေး သို့မဟုတ် တစုံတရာဖြင့် ထောက်ပံ့ကူညီခြင်းများ၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ရသည့်ကိစ္စတာဝန် ဝတ္တရားများ၌လည်း တဖွဲ့တပါတီအကျိုးဖြစ်စေပြီး၊ ကျန်အဖွဲ့အစည်းများ နိမ့်ပါးနစ်နာစေမှုစသည့်အပြုအမူတို့ကို ဆောင်ရွက်ခြင်းများ စသောကိစ္စရပ်များကို ကြပ်တည်းစွာ လိုက်နာရှောင်ကြဉ်ကြရန် တားမြစ်လိုက်သည့်အမိန့်တရပ် ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်လိုက်၏။

အဆိုပါ နိုင်ငံတော်အစိုးရ အမှုထမ်းအရာထမ်းများ လိုက်နာရှောင်ကြဉ်ကြရမည့် ပြဋ္ဌာန်းချက်များမှာ ရွေးကောက်ပွဲကြီး တရားမျှတစွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်းသည့်အမိန့်၌ အောက်ပါအတိုင်း ဖေါ်ပြပါရှိသည်ကို တွေ့ရသည်။

### ပြဋ္ဌာန်းချက် လိုက်နာရန်

မြန်မာနိုင်ငံတော်အစိုးရ အရာထမ်း အမှုထမ်းများ ကျင့်ဆောင်ရန် နည်းဥပဒေ အပိုဒ် ၂၂ နှင့် အပိုဒ် ၁၇ တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ကိစ္စနှင့်ပတ်သက်၍-

(က) အစိုးရအရာထမ်း အမှုထမ်းများသည် မည်သည့်နိုင်ငံရေးအဖွဲ့အစည်းတွင်မဆို ပါဝင်ဆောင်ရွက်ခြင်း၊ ငွေကြေး သို့မဟုတ် အခြားနည်း တစုံတရာဖြင့် ထောက်ပံ့ကူညီခြင်း။

(ခ) ရွေးကောက်ပွဲနှင့်ပတ်သက်၍ တရားဥပဒေအရ ဝတ္တရားအနေဖြင့် ဆောင်ရွက်ရမည့်ကိစ္စများမှအပ၊ အခြားရွေးကောက်ပွဲနှင့်ပတ်သက်ပြီး တပါတီ တဖွဲ့၏နစ်နာမှုများဖြစ်စေရန်ငှင်း၊ အကျိုးဖြစ်စေရန်သော်ငှင်း၊ အားပေးကူညီဆောင်ရွက်ခြင်းများ။

(ဂ) နိုင်ငံရေးသဘောပါဝင်သည့် စည်းရုံးမှုများနှင့်ပတ်သက်သည့်လုပ်ငန်းအရပ်ရပ် ဥပမာ - စည်းရုံးရေးအတွက် အဖွဲ့တပါတီအကျိုးကို ရှေ့ရှု၍သွားလာရေးအတွက် ယာဉ်ရရှိရေး၊ အခကြေးငွေလွတ်ငြိမ်းခွင့် သို့မဟုတ် လျှော့နည်းခွင့်ရရှိရေး၊ တရားပွဲဖြစ်မြောက်ရန် လူစုပေးခြင်း၊ ဆော်ဩပေးခြင်းအစရှိသည်တို့ကို ကိုယ်တိုင်ဆောင်ရွက်ခြင်း၊ သို့မဟုတ် မိမိလက်အောက်ရှိ အရာထမ်းအမှုထမ်း သို့မဟုတ် မိမိထံတွင် မှီခိုနေထိုင်သူတို့အား ဆောင်ရွက်စေခြင်း၊ ဤကဲ့သို့သော အပြုအမူများကို ကြပ်တည်းစွာ ရှောင်ကြဉ်ရန် ပြည်ထဲရေးဝန်ကြီးဌာနမှ ညွှန်ကြားထုတ်ပြန်ထားခဲ့ပြီးဖြစ်သည်။

### အထင်မှားမှု မဖြစ်စေနှင့်

ယခုအခါ ရွေးကောက်ပွဲကြီး နီးကပ်လာပြီဖြစ်ရာ နိုင်ငံရေး တဖွဲ့တပါတီအား ဦးစားပေးဆောင်ရွက်ရာရောက်သည့်အမှုကိစ္စများကို အစိုးရအရာထမ်း အမှုထမ်းများသည် အထူးဂရုစိုက်၍ ရှောင်ကြဉ်ကြရန် လိုအပ်သည်ဖြစ်သည့်အပြင် တဖွဲ့တပါတီ၏အထင်အမြင်မှားမှုကို မဖြစ်စေရန်အတွက်လည်း အစိုးရ အရာထမ်းအမှုထမ်းများအတွက် များစွာ အရေးကြီးသည်ဖြစ်ရာ ရွေးကောက်ပွဲနှင့်ပတ်သက်၍ တရားဥပဒေအရ ဝတ္တရားအနေဖြင့် ဆောင်ရွက်သွားလာသည့်ကိစ္စများတွင်သော်ငှင်း၊ သို့မဟုတ် တာဝန်ဝတ္တရားအရ အခြားကိစ္စများကို ဆောင်ရွက်သွားလာခြင်း ပြုလုပ်သည်ကိစ္စများတွင်သော်ငှင်း မည်သည့်နိုင်ငံရေးသမားကိုမဆို ခေါ်ယူသွားလာခြင်း၊ ၎င်းတို့ပိုင်ယာဉ်များကိုသော်ငှင်း၊ ၎င်းတို့သွားလာအသုံးပြုသော ယာဉ်များတို့တွင်သော်ငှင်း၊ မည်သည့်နိုင်ငံရေးသမားတို့ကိုမျှ စီးနင်းလိုက်ပါခွင့်မပြုသင့်ကြောင်းကိုလည်း ထပ်မံ၍ အထူးသတိပေးနှိုးဆော်အပ်ပါသည်ဟူ၍ ထိုအမိန့်တွင်ဖေါ်ပြထားရှိ၏။



E-book is created by shanyoma

## ထပ်ဆင့်ညွှန်ကြားပါရန်

ငင်းအမိန့်ကို ပြည်ထဲရေးဝန်ကြီးဌာနက သက်ဆိုင်ရာ နိုင်ငံတော်အစိုးရဌာနဖြစ်သည့် ဝန်ကြီးဌာနအားလုံး၊ လက်အောက်ခံဌာနအားလုံး၊ နိုင်ငံတော်ရဲချုပ်ရဲမင်းကြီးများအားလုံး၊ တိုင်းမင်းကြီးများအားလုံး၊ ခရိုင်ဝန်များအားလုံးနှင့်အခြားဌာနအကြီးအကဲအသီးသီးတို့ထံ ပေးပို့ပြီး ဆိုင်ရာ အကြီးအကဲများက မိမိတို့လက်အောက်ရှိ အမှုထမ်းအရာထမ်းများအားလုံးတို့အား သိရှိနားလည်စေရန်နှင့် ညွှန်ကြားချက်များအတိုင်း တသွေမတိမ်း လိုက်နာဆောင်ရွက်ကြစေရန် ထပ်ဆင့်အရေးယူညွှန်ကြားရန်လည်း ထိုအမိန့်၌ ဖေါ်ပြထားရှိကြောင်းဖြင့် သိရှိရသည်။

## တရားမျှတရေးအတွက်

ပြည်ထဲရေးဝန်ကြီးဌာနမှပင် အခြားအမိန့်တရပ်ဖြင့်လည်း ရွေးကောက်ပွဲကြီး တရားမျှတသန့်ရှင်းစေရေးအတွက် အစိုးရအရာထမ်းအမှုထမ်းများသည် နိုင်ငံရေးပါတီအဖွဲ့အစည်းတို့နှင့် အကင်းလွတ်ဆုံးနေကြရန် ကိစ္စကို ယုတ်စွအဆုံး ရွေးကောက်ပွဲမဲပေးရာ၌ပင် မိမိ၏မဲဆန္ဒမဲပြားကို မဲရုံသို့ သွားရောက်ပေးရာ၌ အမတ်လောင်းများ၏ယာဥ်ရထားတို့နှင့်စီးနင်းလိုက်ပါပြီး မဲမပေးကြရန်အထိ တားမြစ်ညွှန်ကြားထားသေးကြောင်းဖြင့်လည်း သိရှိရလေသည်။

ဒီအပြင် ကျွန်တော်တို့၏ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးကလဲ ဌာနအကြီးအကဲများအား အထွေထွေရွေးကောက်ပွဲကြီးကို သန့်ရှင်းတရားမျှတသော ရွေးကောက်ပွဲကြီးဖြစ်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန် လွန်ခဲ့သော စက်တင်ဘာလကုန်လောက်က အမိန့်ရှိသည်ဟု ကြားသိရ၍လည်း ကျွန်တော်တို့မှာ တရားမျှတသော ရွေးကောက်ပွဲကြီးအမှန်ပင် ကျင်းပတော့မည်ဟု ဒွိဟမရှိယုံကြည်ပါတယ်။

ကျွန်တော်တို့တတွေ ဗိုလ်ချုပ်ကြီး၏စေတနာ လေးစားယုံကြည်စေကာမူ အချို့သောပုဂ္ဂိုလ်များက သည်လိုသဘောမထားဘဲ လူထုစိတ်ဓာတ်ကျဆင်းအောင် မဟုတ်မမှန် တီးတိုးဝါဒဖြန့်နေကြသည်ဟု ကြားရပါတယ်။

ဒီတော့ ကိုယ်စားလှယ်လူကြီးများသည် မိမိတို့နယ်တွင် အခြေမှန်များကို လူထုနားလည်အောင် ရှင်းလင်းတင်ပြပြီး တရားမျှတ သန့်ရှင်းသော ရွေးကောက်ပွဲကြီးတွင် ဝင်ရောက်မဲဆန္ဒပေးဖြစ်အောင် တိုက်တွန်းနှိုးဆော်ပေးရန်ကိုလည်း အလွန်မှပင် အရေးကြီးကြောင်းကို အသိပေးလိုပါတယ်။

ကဲ. . . အတော် စုံစုံလင်လင် ပြောပြီးပြီဟု ထင်ပါတယ်။

လူကြီးမင်းများ မနက်ဖန် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို လွယ်လင့်တကူ ချောမောစွာ ဆောင်ရွက်နိုင်စေရန် လမ်းခင်းပေးသည့်အနေဖြင့် ယခုကဲ့သို့လို ခပ်ရှည်ရှည် တင်ပြအစီရင်ခံရခြင်းဖြစ်ပါတယ်။ အရာရာတွင် အချင်းချင်း ချစ်ကြည်ရင်းနှီးအောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ဆုမွန်တောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

ချမ်းသာကြပါစေ။

E-book is created by *shanyoma*